# အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

## ဒေါ်အောင်ဆန်းစုကြည်၏အသက်(၆၁)ပြည့်မွေးနေ့အထိမ်းအမှတ်
## အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ မြန်မာနိုင်ငံအမျိုးသမီးထုသို့ပန်ကြားချက်
## ၂၀၀၆ ခု ဇွန်လ ၁၉ ရက်

**မြန်မာနိုင်ငံသူအမျိုးသမီးအပေါင်းတို့၊**

လာမယ့် ၂၀၀၆ ခုနှစ်၊ ဇွန်လ(၁၉)ရက်နေ့ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်(၆၁)နှစ်ပြည့်မွေးနေ့ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်အစိုးရရဲ့ အကြိမ်ကြိမ်ဖမ်းဆီးချုပ်နှောင်မှုနဲ့ အသက်အန္တရာယ်ပြုမှုတွေကို ရင်ဆိုင်နေရပြီး သူမရဲ့မွေးနေ့များစွာကိုလည်း အချုပ်အနှောင်ထဲကနေသာ ကျော်လွှန်ခဲ့ရပါတယ်။ အခုဆိုရင်လည်း ပြည်တွင်းပြည်ပအင်အားစုများနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှ အတန်တန်တိုက်တွန်းနေတဲ့ ကြားထဲက အကြောင်းပြချက်တစုံတရာမရှိပဲ နအဖစစ်စိုးရဟာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်တစ်နှစ်ထပ်မံတိုးမြှင့်ခဲ့ပါတယ်။

ဒီအခြေအနေမှာ လူဦးရေထက်ဝက်ကျော်ရှိတဲ့ ကျမတို့အမျိုးသမီးထုရဲ့ အခန်းကဏ္ဍဟာ ကျမတို့ရဲ့နိုင်ငံရေးရပ်တည်မှုအတွက် တကယ်အရေးပါတဲ့ အင်အားဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ကျမတို့အားလုံးရဲ့ရှေ့မှာ ဂုဏ်ယူလေးစားဖွယ်ရာ စံပြခေါင်းဆောင်အဖြစ် စစ်အစိုးရကို နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ဖို့ ပြတ်ပြတ်သားသား တောင်းဆိုနေသူဖြစ်ပြီး လူ့အဖွဲ့အစည်းတိုးတက်ပြောင်းလဲရေးအတွက် ကိုယ်ကျိုးစွန့်ဦးဆောင်နေသူတဦးဖြစ်တယ်ဆိုတာကို ပြည်သူအားလုံးက မှတ်တမ်းတင်ထားပြီးဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ခိုင်မာပြတ်သားတဲ့ စိတ်ဓာတ်ကို ကျမတို့ အမျိုးသမီးအားလုံး အားကျအတုယူ၊ စံနမူနာထားကြရမှာလည်းဖြစ်ပါတယ်။

**မြန်မာနိုင်ငံသူအမျိုးသမီးအပေါင်းတို့၊**

ကျမတို့ရဲ့နိုင်ငံ ငြိမ်းချမ်းသာယာစေဖို့ တတ်နိုင်တဲ့နည်းလမ်းတွေနဲ့ ဆထက်တပိုး စုပေါင်းလှုပ်ရှားဆောင်ရွက်ကြဖို့လိုအပ်လာပါပြီ။ ဒါဟာ ကျမတို့အားလုံးရဲ့ အသိစိတ်ဓာတ်နဲ့ပါဝင်ရမယ့် သမိုင်းပေးတာဝန်ကြီးတရပ်လည်း ဖြစ်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းကောက်နုတ်ချက်တခုကို ပြန်လည်တင်ပြရမယ်ဆိုရင် *'ကျမတို့ဟာ မလွဲမသွေ ဒီမိုကရေစီရရှိကြမှာဖြစ်ပါတယ်၊ ကျမတို့ လူထုဟာ ကျမတို့မှာ အာဏာမဲ့နေတယ်လို့ မခံစားစေချင်ပါဘူး ၊ ကျမတို့လူထုဟာ အာဏာမရှိတဲ့လူတွေမှာ ရှိနေတဲ့ အာဏာကို သိနားလည်ဖို့ လိုပါတယ်'*ဆိုတာပါဘဲ။ ကျမတို့ဟာ ဒီမိုကရေစီအခွင့်အရေးကို လိုလားကြသူများဖြစ်တဲ့အတွက် ကိုယ့်မှာရှိတဲ့ အခွင့်အရေးနဲ့ လုပ်ပိုင်ခွင့်တွေကို သိဖို့လိုပါတယ်။ ဒီနေ့နိုင်ငံတကာက အမျိုးသမီးတွေဟာ ကမ္ဘာကြီး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိပ်ပိုင်းအဆင့်အထိ အသီးသီး တက်လှမ်းဆောင်ရွက်နေကြချိန်မှာ ကျမတို့ ပြည်သူတွေကတော့ စစ်အုပ်ချုပ်မှုအောက်မှာ ဒုက္ခမျိုးစုံခံစားနေရဆဲဖြစ်ပါတယ်။ ဒီလို အခြေအနေဆိုးတွေကနေ လွတ်မြောက်ဖို့ ကျမတို့အားလုံး နည်းမျိုးစုံနဲ့ လှုပ်ရှားမှုအရှိန်ကို တိုးမြှင့်ပြီး ရုန်းထွက်ကြရပါမယ်။

**မြန်မာနိုင်ငံသူအမျိုးသမီးအပေါင်းတို့၊**

လာမယ့် ဇွန်လ(၁၉)ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်(၆၁)ပြည့်မွေးနေ့မှာ သူမရဲ့ နိုင်ငံရေးဦးဆောင်မှုအပေါ် ထောက်ခံကြောင်းနဲ့ ကျမတို့ရဲ့ လူ့အဖွဲ့အစည်းငြိမ်းချမ်းသာယာရေးအတွက် အမျိုးသမီးတွေရဲ့ရပ်တည်မှုကို တခဲနက် ထုတ်ဖော်ပြသတဲ့အနေနဲ့ ကျမတို့ အမျိုးသမီးတွေ အိမ်အပြင်မထွက်ဘဲနေပြီး၊ မထွက်မဖြစ် ထွက်ရရင်လည်း အဝါရောင် ပန်း၊ ဖဲကြိုး၊ ဖဲပြား၊ ဆံညှပ်၊ ကလစ်၊ အဝတ်အစား စတဲ့ အသုံးအဆောင်တခုခု ဝတ်ဆင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ကို လွန်မြောက်သွားချိန်မှာလည်း ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်မှ အမြန်ဆုံးလွတ်မြောက်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီရေးမှာ အခက်အခဲမရှိဦးဆောင်ဦးရွက်ပြုသွားနိုင်စေရေးတို့ကို ရည်မျှော်ပြီး လူထုအတွင်း စိတ်ဓာတ်ရေးရာအရ အားပေးမှုပြုရန်လိုအပ်သည့်အချိန်တိုင်း အဝါရောင်သင်္ကေတအသုံးပြုမှုကို ဆက်လက်ဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ သတင်းတံခါးပိတ်၊ ဖိနှိပ်ခံထားရတဲ့ ကျမတို့ ပြည်သူပြည်သား အားလုံးအတွက် ကိုယ့်အင်အားကို ကိုယ်ပြန်မြင်နိုင်ပြီး စိတ်ဓါတ်အင်အားမြှင့်တင်နိုင်မယ့် အဝါရောင်သင်္ကေတငြိမ်းချမ်းရေးတိုက်ပွဲကို မြန်မာနိုင်ငံသူ အမျိုးသမီးထုတရပ်လုံး သတ္တိရှိရှိ၊ စည်းကမ်းရှိရှိနဲ့ ညီညီညွတ်ညွတ်စည်းရုံးလှုံ့ဆော် ပါဝင်ဆင်နွဲကြပါစို့။

ချစ်ခင်လေးစားစွာဖြင့်

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)

ဆက်သွယ်ရန် **နန်းယဉ်၊** ဖုံး – ၆၆ ၉ ၈၅၈ ၄၆၆၈ **မသင်းသင်းအောင်** ဖုံး– ၉၁ ၉၈၉၁၂၅၂၃၁၆ **စောမြရာဇာလင်း** ဖုံး– ၈၈၀ ၁၈၉ ၄၂၆ ၁၅၃